UNHCR
The UN Refugee Agency

# THAILAND

1 – 19 September 2018

## MEDIA MONITORING REPORT # 190

## အခြား

**မယ်လအူး ဒုက္ခသည်စခန်း ရေကြီးမြေပြိုမှု ၁ ဦးသေ၊ ၇ ဦးပျောက်ဆုံး**

The Irrawaddy, 18 September 2018

ထိုင်း-မြန်မာ နယ်စပ် မဲ့စရီးယန်းမြို့နယ် မယ်လအူး ဒုက္ခသည်စခန်းတွင် ရေကြီးမြေပြိုမှုဖြစ်စဉ်တွင် ဒုက္ခသည် ၈ ဦး ပျောက်ဆုံးခဲ့ပြီး တဦးကိုတော့ ရုပ်အလောင်း ရှာတွေ့ခဲ့ကြောင်း ကရင်ဒုက္ခသည်စခန်း ကော်မတီ (KRC) က ဧရာဝတီသို့ အတည်ပြု ပြောဆိုသည်။



မယ်လအူးဒုက္ခသည်စခန်း အပေါ်ဘက်တွင် စက်တင်ဘာ ၁၆ ရက်နေ့က မိုးသည်းထန်စွာ ရွာသွန်းရာမှ ညနေ ၆ နာရီခွဲခန့်တွင် စခန်းအနီးမှထိုး ဆင်းလာသည့် တောင်ကျရေနှင့်အတူ မြေပြိုမှုဖြစ်ပွားခဲ့ပြီး မျောပါ ပျောက်ဆုံးသွားခြင်း ဖြစ်ကြောင်း သိရသည်။

KRC ဥက္ကဌ စောရောဘတ်ထွေး က "မနေ့က မိုးက တနေကုန်ရွာတယ်။ ရွာတော့ အဲဒီချောင်းက နွေဆို ရေ မရှိဘူး။ မိုးရွာတဲ့အချိန်ကြ သူများလည်း သတိမထားမိဘူးလေ။ ဒီလိုပဲနေကြတာပဲ၊ ညနေ ၆ နာရီလောက်မှာ ဗြုန်းကနဲဆို ရုတ်တရက် ရေကြီးလာတော့ မြေပါပြိုကျလာတယ်။ မျောပါသွားတဲ့ ၈ ယောက်မှာ အလောင်းကတော့ ၁ လောင်းပဲ ပြန်တွေ့သေးတယ်" ဟု ပြောသည်။

အဆိုပါ ရေကြီးမြေပြိုမှုတွင် ချောင်းအနီးရှိ မယ်လအူး ဒုက္ခသည်စခန်း အမှတ် ၁ ရပ်ကွက်မှ အိမ်ခြေ ၁၃ လုံး မျောပါပျက်စီးခဲ့ပြီး စုစုပေါင်း ဒုက္ခသည် ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ထိုအထဲမှ ၃ ဦးသက်သာလာသော်လည်း ၁၃ ဦးမှာ အရေးပေါ် ဆေးကုသမှု ခံယူနေရကြောင်း သိရသည်။

မဲ့စရီးယန်းမြို့တွင်နေထိုင်သည့် စောဖွေ က "တချို့က အိမ်တွေနဲ့ အတူတူမျောပါသွားပြီး ပျောက်သွားတာ။ အခုကတော့ တိုင်းအရာရှိတွေ၊ NGO အဖွဲ့တွေ သွားပြီးတော့ ကယ်ဆယ်ရေးလုပ်နေကြတယ်" ဟု ဧရာဝတီသို့ ပြောသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးနှင့် သေဆုံး ပျောက်ဆုံးသူများ အရေး ဆောင်ရွက်ရန်အတွက် စက်တင်ဘာ ၁၈ ရက်နေ့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း KRC ဥက္ကဌ စောရောဘတ်ထွေး က ပြောသည်။

စခန်းတွင် ယခင်က ရေကြီးမှုများ ဖြစ်ပွားခဲ့သော်လည်း ယခုတကြိမ်ကဲ့သို့ ဆိုးဆိုးဝါးဝါး ဖြစ်ပွားခဲ့ခြင်း မရှိကြောင်း ဒုက္ခသည် အရေး ဆောင်ရွက်သူများက ဆိုသည်။

မယ်လအူး ဒုက္ခသည် စခန်းကို ၂၀၀၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စခန်းအတွင်း နေထိုင်သူများမှာ ကရင်ပြည်နယ် အတွင်း တပ်မတော်နှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) တို့၏ တိုက်ပွဲများကြောင့် လာရောက်ခိုလှုံသူများ ဖြစ်ကြသည်။ လက်ရှိတွင် ဒုက္ခသည် ၁ သောင်းကျော် ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

Link: [https://www.irrawaddy.com/news/mudslide-mae-hong-son-refugee-camp-leaves-1-dead-7-missing.html](https://www.irrawaddy.com/news/mudslide-mae-hong-son-refugee-camp-leaves-1-dead-7-missing.html)

**KNU နယ်မြေအတွင်း ကျန်းမာရေးလုပ်သား လိုအပ်ဆဲဟု KDHWဆို**

Karen Information Center, 5 September 2018

KNU-ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်နယ်အတွင်း ကျန်းမာရေးဝန်ဆောင်မှုပေးရန် ကျန်းမာရေးလုပ်သား လိုအပ်နေဆဲ အခြေအနေတွင် ရှိနေသေးကြောင်း KNU ၏ ကျန်းမာရေးဌာနဖြစ်သည့် ကရင်ကျန်းမာရေးနှင့် ကယ်ဆယ် ရေးဌာန- KDHW က ပြောဆိုသည်။




ထိုသို့ လိုအပ်ဆဲအခြေအနေများကြောင့် ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်၊ တောနော်သင်ကြားရေး ဆေးရုံတွင် ယမန်နေ့ (စက်တင်ဘာလ ၃ ရက်) က အခြေခံ ကျန်းမာရေးအဆင့်အောင်မြင်ပြီးသော ကျန်းမာရေးလုပ်သားများကို ဆေးမှူးသင်တန်းကျောင်း ထပ်မံဖွင့်လှစ်ပေးခဲ့ရသည်ဟု KDHW ဗဟိုသင်တန်းတာဝန်ခံ စောအယ်ဖို့က ပြောသည်။

"လက်ရှိကျနော်တို့ ဝန်ဆောင်မှုပေးနေတဲ့ နေရာဒေသတွေမှာ ကျန်းမာရေးလုပ်သားလူဦးရေက အချိုးကျ လိုအပ်နေသေးတဲ့အခြေအနေမှာ ဒါကိုရည်ရွယ်ပြီးတော့ ဆေးမှူးတွေကို ပြန်ပြီးမွေးထုတ်တယ်။ ကျနော်တို့ အခုကြုံတွေ့နေရတဲ့ စိန်ခေါ်မှုက အရင်ကျန်းမာရေး လုပ်သားတွေက အခြေအနေအမျိုးမျိုးကြောင့် ထွက်သွားကြတာလည်းရှိတာပေါ့။ အခုလောလောဆယ်ကတော့ လိုနေဆဲအခြေအနေမှာ ဒါကို ကျနော်တို့က ဆက်ပြီး မွေးထုတ်ရမဲ့ အခြေအနေမျိုးမှာရှိနေသေးတယ်"ဟု ကေအိုင်စီသို့ ပြောသည်။

၎င်းသင်တန်းကို KNU ၏ သထုံ၊ တောင်ငူ၊ ညောင်လေးပင်၊ ဘိတ်ထားဝယ်၊ မူတြော်( ဖာပွန်) ၊ ဒူးပလာယာနှင့် ဖားအံ စသည့် ခရိုင် (၇) ခုလုံးရှိ အခြေခံကျန်းမာရေးလုပ်သားများနှင့် KDHW ၏ ကျန်းမာရေး မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် နယ်စပ် ကျန်းမာရေးအဖွဲ့အစည်းများမှ ကျန်းမာရေးလုပ်သားများကို အဓိက ခေါ်ယူ၍ ဝင်ခွင့် အောင်မြင်သည့် ကျန်းမာရေး လုပ်သားများကိုသာ တက်ရောက်ခွင့်ပေးပြီး လက်ရှိသင်တန်းသား (၃၉) ဦးတက်ရောက်သွားမည်ဖြစ်သည်ဟု စောအယ်ဖို့က ဆက်ပြောသည်။

သင်ကြားရေးပိုင်းဆိုင်ရာနှင့် အထောက်အပံ့များကို Hope for the World အဖွဲ့အစည်း၏ ကူညီထောက်ပံ့ပေးမှုဖြင့် (၁၁) လကြာ စာတွေ့လက်တွေ့နှစ်ရပ်လုံးပါ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းအောင်မြင်သွားသည့် ကျန်းမာရေးဆေးမှူးများကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးကာ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှု များလိုအပ်နေသည့် ဒေသအသီးသီးတွင် တာဝန်ပေး အပ်သွားမည်ဟု KDHWက ဆိုသည်။

အဆိုပါ ကော်သူးလေဆေးမှူးသင်တန်း (Kawthoolei Medic Training)ကို ယခင် ၂၀၁၀ ခုနှစ်မှစ၍ စတင်ဖွင့်လှစ်ပေးခဲ့ပြီး လက်ရှိ ၂၀၁၈ ခုနှစ်တွင် (၇) ကြိမ်မြောက်ရှိသွားပြီးဖြစ်သည်ဟု သိရသည်။

Link: https://www.bnionline.net/en/news/health-workers-are-still-needed-knu-areas-kdhw-says

**နယ်စပ်ဒေသ အကူအညီများဆက်လက် ရရှိရန် စည်းရုံးလှုံ့ဆော်မှုများလုပ်ဆောင်မည် ဟု KCC ပြော**

Karen Information Center, 6 September 2018

ထိုင်း- မြန်မာနယ်စပ်ရှိ ဒုက္ခသည်များ အပါအဝင် ပြည်တွင်းစစ်ရှောင် ပြည်သူ (IDPs) များအတွက် ထောက်ပံ့မှု အကူအညီများ ဆက်လက်ရရှိရန် နိုင်ငံတကာသို့ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းများလုပ်ဆောင်သွားမည်ဟု ကနေဒါနိုင်ငံ ကရင်လူမှုအသိုင်းအဝိုင်း (KCC)က ပြောဆိုလိုက်သည်။



ကနေဒါနိုင်ငံ၊ Alberita ခရိုင်၊ (Edmonton) မြို့တွင် စက်တင်ဘာ ၁ရက်မှ ၃ရက်နေ့အထိ ပြုလုပ်ကျင်းပသည့် ကနေဒါနိုင်ငံ ကရင်လူမှုအသိုင်းအဝိုင်း၏ နှစ်ကုန် အစည်းအဝေးတွင် တက်ရောက်လာသည့် သက်ဆိုင်ရာ မြို့သီးသီးမှ ကိုယ်စားလှယ်များကယင်းသို့ဆုံးဖြတ်လိုက်ခြင်းဖြစ်သည် ဟု KCCဥက္ကဌဖြစ်သူ စလုံ့ဖန်းက ကေအိုင်

စီသို့ ယနေ့ပြောသည်။

၎င်းက "အခု ထိုင်းနယ်စပ်မှာရှိတဲ့ ဒုက္ခသည် စခန်းတွေမှာဖြစ်စေ၊ ပြည်တွင်း IDPတွေ အတွက် ဖြစ်စေ ထောက်ပံ့မှု အကူအညီတွေက အရမ်းကို လျှော့နည်းလာတယ်။ အဲဒါကိုသူတို့အတွက် Advocacy ( ထောက်ခံအားပေးမှု) လုပ်ငန်းတွေလုပ်မယ်။ ပြီးတော့ International Campaign ( နိုင်ငံတကာစည်းရုံးလှုံ့ဆော်မှု) တွေလုပ်ဆောင် သွားမယ်လို့ကျနော်တို့ဆုံးဖြတ်ခဲ့ကြတယ်" ဟုပြောသည်။

ထို့အပြင် ကနေဒါနိုင်ငံ ကရင်လူမှုအသိုင်းအဝိုင်းအနေဖြင့် ကရင်ပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများအတွင်းဖြစ်ပျက်နေသည့် စစ်ရေးပဋိပက္ခနှင့် တိုင်းရင်းသား လူမျိုးစုများအပေါ် လူ့အခွင့်အရေး ချိုးဖောက်နေမှု အခြေအနေများကို ကနေဒါအစိုးရထံသို့ တင်ပြပြီး မြန်မာအစိုးရအား နိုင်ငံတကာ၏ အရေးယူဆောင်ရွက်နိုင်ရေး ပိုမို ဖိအားပေးနိုင်ရန် လုပ်ဆောင်သွားမည်ဟုလည်း စလုံ့ဖန်းက ဖြည့်စွက် ပြောဆိုသည်။

ထိုင်- မြန်မာနယ်စပ်တလျှောက် မြန်မာဒုက္ခသည်စခန်း ၉ ခု၌ ခိုလှုံနေကြသည့် ဒုက္ခသည်များအား ၂၀၁၄ ခုနှစ်မှစတင်ကာ စားနပ်ရိက္ခာ ကူညီထောက်ပံ့မှုများအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အကူအညီများနှင့် စခန်းစီမံခန့်ခွဲမှု အကူအညီများသိသိသာသာလျော့ချခြင်းခံရသလို မြန်မာပြည်တွင်းစစ်ရှောင်များအား ထောက်ပံ့ပေးနေသည့် နိုင်ငံတကာအကူအညီများလည်း ၂၀၁၇ ခုနှစ်ကတည်းက ဖြတ်တောက်ခြင်းခံခဲ့ရသည်ဟု ၎င်းတို့ကို ကူညီဆောင်ရွက်နေသူများက ပြောဆို သည်။

သုံးရက်ကြာ ပြုလုပ်သည့် ကနေဒါ ကရင်လူမှုအသိုင်းအဝိုင်း၏ နှစ်ကုန်အစည်းအဝေးသို့ သက်ဆိုင်ရာ မြို့အသီးသီးမှ ကိုယ်စားလှယ်ပေါင်း ၅၄ ဦးတက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာ မြို့အသီးသီးမှ အဖွဲ့ဝင်များကို ပြန်လည်သုံးသပ်ခြင်း၊ ဗဟိုအလုပ်အမှုဆောင်များ၏ တင်ပြချက်များကို သုံးသပ်ခြင်း၊ ဖြည့်စွက်အတည်ပြုခြင်းများ ပြုလုပ်ခဲ့ကြသည်။ ၎င်းအပြင် KCC ဖွဲ့စည်းတည်ထောင်ခြင်း နှစ် ၂၀ပြည့်အထိမ်းအမှတ် ဖျော်ဖြေရေး အစီအစဉ်များ ပြုလုပ်ကျင်းပခဲ့ကြသည်။

Link: https://www.bnionline.net/en/news/kcc-campaign-resumption-aids-border-area

## စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု

### ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားများအတွက် One Stop စင်တာများ ဖွင့်မည်

Eleven Myanmar, 6 September 2018

ထိုင်းနိုင်ငံ၏ ရေလုပ်ငန်းများတွင် မြန်မာအလုပ်သမားများကို စေလွှတ်ရန်အတွက် ကော့သောင်းနှင့် ရနောင်းတို့၌ နေ့ချင်းပြီး ဝန်ဆောင်မှုစင်တာ နှစ်ခုကို ဖွင့်လှစ်မည်ဖြစ်သည်ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြောကြားခဲ့သည်။




ဩဂုတ်လတွင်းတွင် ထိုင်းနိုင်ငံ၏ အလုပ်သမားဝန်ကြီးသည် မြန်မာနိုင်ငံသို့ လည်ပတ်ခဲ့ပြီး ထိုင်းနိုင်ငံ၏ ရေလုပ်ငန်းတွင် မြန်မာအလုပ်သမား ခြောက်သောင်းကျော် တရားဝင် လုပ်ကိုင်နိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

ထိုဖိတ်ခေါ်ချက်အရ ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခြင်းမပြုမီ သင်တန်းနှင့် အသိပညာပေးမှုများ ပြုလုပ်သွားမည်ဖြစ်ဖြစ်သည်။ ထို့ကြောင့် နေ့ချင်းပြီး ဝန်ဆောင်မှု စင်တာများကို မြန်မာနိုင်ငံတွင်းရှိ ကော့သောင်းနှင့် ထိုင်းနိုင်ငံတွင်းရှိ ရနောင်းတို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများကို ထိုသင်တန်းများပေးနိုင်ရန် မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ရွှေ့ပြောင်းအလုပ်သမားများရေးရာဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ ဒေါ်အေးအေးမိုးမှ သင်တန်းများ ပို့ချပြီးလျှင် ၎င်းတို့အနေဖြင့် ထိုအလုပ်သမားကို တရားဝင်စေလွှတ်မည် ဖြစ်သည်၊ ယခင်က ထိုင်းနိုင်ငံ၏ ရေလုပ်ငန်းတွင် မြန်မာအလုပ်သမားများကို ထိုင်းနိုင်ငံ၏ ရေလုပ်ငန်းတွင် တရားဝင် အလုပ် လုပ်ကိုင်နိုင်ရန် ပို့ခဲ့ခြင်းမရှိပါ၊ လက်ရှိတွင် ၎င်းတို့မှ MOU လက်မှတ်ရေး

ထိုးမည်ဖြစ်သည်၊ ထိုင်းနိုင်ငံသည် မြန်မာအလုပ်သမားများကို ၎င်းတို့နိုင်ငံတွင် အလုပ် လုပ်ကိုင်စေချင်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့မှ မူဝါဒများကို ရေးဆွဲလျှက်ရှိသည်၊ ထိုမူဝါဒများအပေါ်တွင် အခြေခံ၍ ထိုင်းနိုင်ငံ၏ အလုပ်သမားဝန်ကြီးနှင့် မြန်မာနိုင်ငံတို့ ဆွေးနွေးမည်ဖြစ်သည်၊ ဆွေးနွေးပြီးနောက်တွင်မှ ကျွန်ုပ်တို့ အလုပ်သမားများကို စေလွှတ်မည် ဖြစ်သည်၊ ယခင်က မြန်မာအလုပ်သမားများသည် အခက်အခဲများရင်ဆိုင်ရချိန်တွင် ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက် အလုပ် လုပ်ကိုင်ခဲ့ပြီး ကျွန်ုပ်တို့မှ ၎င်းတို့ကို ကူညီနိုင်ခြင်းမရှိခဲ့ပါ၊ လက်ရှိကာလတွင် ကျွန်ုပ်တို့မှ ၎င်းတို့အား တရားဝင် စေလွှတ်နေသောကြောင့် ၎င်းတို့သည် အလုပ်သမားများ၏ အခွင့်အရေးနှင့် ကာကွယ် စောင့်ရှောက်မှုတို့ကို ရရှိမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ရေလုပ်သားများကို ကာကွယ်ရန် နှစ်နိုင်ငံကြား နားလည်မှု စာချွန်လွှာ (MOU) ရေးထိုးပြီးနောက်တွင် မြန်မာအလုပ် သမားများကို စုဆောင်းသွားမည်ဖြစ်သည်။ မြန်မာအစိုးရမှ ထိုင်းနိုင်ငံသို့ ရေလုပ်သားများကို စေလွှတ်ခြင်းမပြုမီ ၎င်းတို့ ဥပဒေဆိုင်ရာ ကာကွယ် စောင့်ရှောက်မှု ရရှိရန်ကို သေချာမှု ရှိစေချင်သည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံ၏ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားများစေလွှတ်ရန်အတွက် မူအားဖြင့် သဘောတူညီခဲ့ပြီးဖြစ်သည်။

Link: http://www.elevenmyanmar.com/business/14925

## မြန်မာ့စီးပွားရေးဘဏ်မှ (SME) လုပ်ငန်းတစ်ခုလျှင် ငွေကျပ် သန်း ၅၀၀ ထုတ်ချေးမည်

Mizzima, 6 September 2018

အသေးစားနှင့် အလတ်စား (SME) စီးပွားရေးလုပ်ငန်း တစ်ခုလျှင် ငွေကျပ်သန်း ၅၀၀ ထုတ်ချေးမည် ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ စက်တင်ဘာ ၅ရက်တွင် ထုတ်ပြန်ခဲ့သည်။




မြန်မာ့စီးပွားရေးဘဏ်သည် SME လုပ်ငန်းများအတွက် ပံပိုးကူညီရန် JICA မှ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (ODA) ချေးငွေရယူပြီး SME လုပ်ငန်းများအတွက် နှစ်ဆင့်ချေးငွေစီမံကိန်းကို စီမံခန့်ခွဲသူအဖြစ် တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

SME သတ်မှတ်ချက်များနှင့်ညီညွတ်သော ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ လုပ်သားအခြေပြုလုပ်ငန်း၊ လက်လီရောင်းဝယ်ရေးလုပ်ငန်း၊ လက္ကားရောင်းဝယ်ရေး လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း စသောလုပ်ငန်းများမှာ ချေးငွေရယူနိုင် မည်ဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရန် အရည်အသွေးပြည့်မီမှုရှိသော လယ်သမားများ၊ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်း၊ အဖိုးတန်သတ္တုရောင်းဝယ်ရေးလုပ်ငန်းများ၊ အရက်ဆိုင်များနှင့် ပျော်ပွဲစားရုံလုပ်ငန်း၊ ဖြေဖျော်မှု တင်ဆက်မှု ( နိုင်ငံခြားခရီးသွားလုပ်ငန်းမပါ) ၊ လက်နက် ခဲယမ်းထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းစသည့် လုပ်ငန်းများကို ချေးငွေထုတ်ပေးမှုတွင် ပါဝင်မည် မဟုတ် ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"SME ကဏ္ဍဖွံ့ဖြိုးဖို့ဆိုရင် ဈေးကွက်လိုတယ်။ နည်းပညာလိုတယ်။ ချေးငွေလိုတယ်။ အရည်အသွေး ထိန်းချုပ် မှုစနစ်တွေလိုတယ်။ နိုင်ငံတော်ကတော့ JICA နဲ့ ချေးငွေကိစ္စကိုလုပ်တာပေါ့။ နောက်ဈေးကွက်လည်း ရှာရဦးမှာပေါ့။ နိုင်ငံတော်ကနေ ချေးငွေနဲ့ ပတ်သက်တဲ့လိုအပ်ချက်ကို JICA Two-Step Loan နဲ့ ဖန်တီးပြီး စီစဉ်ပေးတာတော့ ကောင်းတာပေါ့။ ဒီထက်ပိုပြီးလုပ်ပေးနိုင်ဖို့ပဲ စဉ်းစားရမှာပေါ့" ဟု ကုန်သည်စက်မှု အသင်းချုပ်ဒုတိယ ဥက္ကဋ္ဌ ဦးရဲမင်းအောင် ကပြောသည်။

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်( ၁) အတွက် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုး တက်ရေးဘဏ်၊ မြန်မာရှေ့ဆောင်ဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ သမဝါ ယမဘဏ်တို့တွင် ချေးငွေရယူရန် ဆက်သွယ်လျှောက်ထားမည်ဖြစ်ကြောင်း ထုတ်ပြန်သည်။ ချေးငွေများကို အသုံးပြုရာတွင် စက်ပစ္စည်းကိရိယာများဝယ်ယူခြင်းအတွက် ၈၀ရာခိုင်နှုန်း၊ လည့်ပတ်ရင်းနှီးသုံး စွဲငွေအတွက် ၂၀ရာခိုင်နှုန်း ချေးသွားမည်ဖြစ်သည်။ ချေးငွေအတိုးနှုန်းမှာ တစ်နှစ်လျှင် ၈. ၅ရာခိုင်နှုန်းဖြစ်ပြီး ၁နှစ်အထက်မှ ၅နှစ်အထိ ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

Link: https://www.bnionline.net/en/news/jica-offer-two-step-loan-help-smes

## မွန်ပြည်နယ် ဖွံ့ဖြိုးရန်အတွက် ကျပ် ၆ ဘီလီယံရှိ အများပိုင်ကုမပဏီ တည်ထောင်မည်

Eleven Myanmar, 11 September 2018

မွန်ပြည်နယ် မော်လမြိုင်တွင် လိုင်စင်ရ ကန်ထရိုက်တာစုစုပေါင်း ၄၁ဦးသည် ပထမဆုံး အများပိုင် ကုမ္ပဏီကို ဖွဲ့စည်းလိုက်ပြီး ၎င်းတို့၏စတင်ရှယ်ယာများမှာ ငွေကျပ် ၆ ဘီလီယံခန့်ရှိသည်။

မွန်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အများပိုင်ကုမ္ပဏီဖွင့်ပွဲအခမ်းအနားကို မော်လမြိုင်ရှိ ငွေမိုးဟိုတယ်တွင် စက်တင်ဘာလ ၉ ရက်နေ့က ကျင်းပခဲ့သည်။

ကျွန်တော်တို့က ဆောက်လုပ်ရေးကို အဓိက လုပ်ပါမယ်၊ ဘာကြောင့်လဲဆိုတော့ ရှယ်ယာရှင်အများစုက ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိလို့ပါပဲ။ ကျွန်တော်တို့က အများပိုင်ကုမ္ပဏီဖြစ်တာကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေကို လုပ်ကိုင်တဲ့အခါ ဘယ်ပြဿနာကိုမဆို ကျွန်တော်တို့ ဖြေရှင်းဖို့ အတူတကွလုပ်ကိုင်ပါမယ်။ ကုမ္ပဏီရဲ့ ဥက္ကဋ္ဌဖြစ်တာကြောင့် ကျွန်တော်တို့ အကောင်းဆုံး ကြိုးစားပါမယ် ဟု ဥက္ကဋ္ဌ အောင်မိုးကျော်က ပြောသည်။

ရှယ်ယာရှင် ၄၁ ဦးစီက ကျပ် သန်း ၃၀ နှင့် သန်း ၅၀၀ အတွင်း ထည့်ဝင်ခဲ့ကြသည်။

Link: http://www.elevenmyanmar.com/business/15008

**<u>ထားဝယ်နှင့်ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းများ ပြန်လည်စတင်နိုင်ရန် ဆောင်ရွက်နေ</u>**

Myanmar Times, 11 September 2018

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားဇုန်စီမံကိန်းများ ပြန်လည်စတင်နိုင်ရန် ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုယ်စား စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဦးခင်မောင်ချိုက စက်တင်ဘာ ၁၀ တွင် ပြည်ထောင်စုလွှတ်တော်၌ ပြောသည်။



၂၀၀၈ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့သော တိုးတက်မှုမရှိသေးသည့် ထားဝယ်စီးပွားရေးဇုန် မူလချုပ်ဆို ထားသည့်စာချုပ်များမှာ မြန်မာနိုင်ငံဘက်မှ များစွာလိုက်လျောထားရသည့် သဘောတူညီချက်များ (Concession Agreement) များဖြစ်နေသဖြင့် မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၊ ထားဝယ်စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ ပြန်လည်စိစစ်လျက်ရှိသည်ဟု ဦးခင်မောင်ချိုက ဆိုသည်။ ထို့ပြင် ထားဝယ်စီးပွားရေးဇုန်၏ အီတာလျံထိုင်းကုမ္ပဏီနှင့် ပူးတွဲအကောင်အထည်ဖော်မည့် ကနဦးစီမံကိန်း(Initial Phase)နှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ဖြည့်ဆည်းပေးရန်ကျန်ရှိသည့် မြေငှားစာချုပ်ချုပ်ဆိုနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

အလားတူ ထားဝယ်စီးပွားရေးဇုန်နှင့် ထီးခီးနယ်စပ် နှစ်လမ်းသွားကတ္တရာလမ်းအဆင့်မြှင့် ဖောက်လုပ်ရေးအတွက်လည်း Neighbouring Countries Economic Development Cooperation Agency (NEDA)မှ ချေးငွေ ထိုင်းဘတ် ၄ ဒသမ ၅ ဘီလျံကို ထိုင်းနိုင်ငံမှခွင့်ပြုပြီးဖြစ်သည့်အတွက် လမ်းဖောက်လုပ်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်လျက်ရှိကြောင်းလည်း ဦးခင်မောင်ချို က ပြောသည်။ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်ရန် အဆင့်မြင့်ကော်မတီနဲ့ ဝန်ကြီးအဆင့်ပူးတွဲကော်မတီအစည်းအဝေးများကိုလည်း မကြာမီခေါ်ယူညှိနှိုင်းရန် ဆောင်ရွက်လျက်ရှိပါတယ်။ ထားဝယ်စီးပွား ရေးဇုန်စီမံကိန်းရဲ့ ပင်မစီမံကိန်းအပိုင်းတွင် ဂျပန်နိုင်ငံမှပါဝင်၍ အကောင်အထည်ဖော်နိုင်ရန်ကိစ္စကိုလည်း စီစဉ်ဆွေးနွေးညှိနှိုင်းလျက်ရှိပါတယ်”ဟု ဦးခင်မောင်ချိုက ပြောသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍လည်း တင်ဒါအောင်မြင်ထားသည့် CITIC ကုမ္ပဏီနှင့် မူဘောင်သဘော တူညီချက်နှင့် ဆက်စပ်စာချုပ်များသဘောတူညီချက် ချုပ်ဆိုနိုင်ရေးဆွေးနွေးလျက်ရှိပြီး လက်ရှိတွင် ပိုင်ဆိုင်မှုအချိုးအစားအပေါ် သဘောတူညီချက်ရရှိပြီဟု ဆိုသည်။ ရေနက်ဆိပ်ကမ်းကို အသုံးပြုနိုင်မှု အပေါ်မူတည်၍ ဆိပ်ကမ်းကို အဆင့်လေးဆင့်ဖြင့် အဆင့်ဆင့်တည်ဆောက်ရန် သဘောတူညီချက်ရရှိပြီဖြစ်ပြီး မတည်အရင်းအနှီးအတွက် စိုက်ထုတ်ရသည့် ပမာဏလျော့နည်းစေမည်ဟုလည်း ဦးခင်မောင်ချိုက ပြောသည်။

Link: https://www.mmtimes.com/news/dawei-kyaukphyu-sez-projects-resume.html

## လျှပ်စစ်ကွန်ရက်အတွက် ချေးငွေဒေါ်လာ ၂၉၈သန်းကို အတည်ပြုပေးရန် သမ္မတ တောင်းဆို

The Irrawaddy, 12 September 2018

သမ္မတဦးဝင်းမြင့်မှ နိုင်ငံ၏ပြည်နယ်( ၇) ခုနှင့် တိုင်း( ၇) ခုတွင် လျှပ်စစ်ကွန်ရက်များကောင်းမွန်စွာ အသုံးပြုနိုင်ရန်အတွက် အာရှ ဖွံ့ဖြိုးရေးဘဏ်မှ ချေးမည့် ချေးငွေ ဒေါ်လာ ၂၉၈. ၉သန်းကို အတည်ပြုပေးရန် တောင်းဆိုခဲ့သည်။.




လျှပ်စစ်နှင့်စွမ်းအင်ဒုတိယဝန်ကြီးဦးထွန်းနိုင်က ချေးငွေကို ၆ နှစ်တာစီမံကိန်း( ၂၀၁၉- ၂၀၂၅) အတွက်ဖြစ်ကြောင်းနှင့် ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီနှင့် ပဲခူးတိုင်းတို့နှင့် မွန်၊ ကရင်နှင့် ရခိုင်ပြည်နယ်များတွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း လွှတ်တော်တွင် ဖြေကြားခဲ့သည်။

စီမံကိန်းမှ ကျေးလက်ဒေသများ၏ လျှပ်စစ်သုံးစွဲမှုတိုးလာခြင်းကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ပြီး လက်ရှိစနစ်ကောင်းမွန်လာစေရန်လည်း ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

စီမံကိန်းတွင် အပိုင်း( ၂) ပိုင်းပါဝင်သည်။ လျှပ်စစ်ထုတ်လွှင့်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။ဧရာဝတီတိုင်းတွင် အိမ်ထောင်စု ၈၄၈၅၀စု၊ ပဲခူးတိုင်းတွင် အိမ်ထောင်စု ၁၅၁ ၀၀၀၊ မွန်ပြည်နယ်တွင် အိမ်ထောင်စု ၄၂၇၅၇ စု၊ ကရင်ပြည်နယ်တွင် အိမ်ထောင်စု ၂၇၈၂၀ စုနှင့် ရခိုင်ပြည်နယ်တွင် အိမ်ထောင်စု ၃၆၆၉၄ စု စသည့်အိမ်ထောင်စုများဆီသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးမည်ဖြစ်သည်။

ခြောက်နှစ်တာစီမံကိန်းသည် စုစုပေါင်း ဒေါ်လာ ၃၀၈. ၉ သန်း ကုန်ကျမည်ဖြစ်ပြီး ဒေါ်လာ၁၀သန်းကို ပြည်နယ်ဘတ်ဂျက်မှ ရန်ပုံငွေ ထူထောင်ပေးမည်ဖြစ်သည်။

Link: https://www.irrawaddy.com/news/president-requests-approval-298m-loan-improve-electricity-network.html

## လုပ်သားများအား ပြည်ပသို့ စေလွှတ်နိုင်ရေး အစိုးရနှင့် မြန်မာ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့ဆွေးနွေး

Eleven Myanmar, 12 September 2018

ထိုင်းနိုင်ငံရှိ ရေလုပ်ငန်းများသို့ MOU စနစ်ဖြင့် မြန်မာအလုပ်သမားများ တရားဝင်စေလွှတ်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာပြည်ပ အလုပ်အကိုင်ဝန် ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့သည် နေပြည် တော်ရှိ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဝန်ကြီးဌာနတွင် စက်တင်ဘာလ ၁၁ ရက်နေ့၌ ဆွေးနွေးခဲ့ကြသည်။



ရေလုပ်သားများရဲ့အခွင့်အရေးနဲ့ ကာကွယ်စောင့် ရှောက်မှု အပြည့်အဝရရှိနိုင်ဖို့ ထိုင်းနိုင်ငံမှ အာမခံချက်များ ပေးမှုအပေါ် မိမိနိုင်ငံရှိ ရေလုပ်သားများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများရှေးရှုပြီး MOU စနစ်နဲ့ ရေလုပ်သားစေလွှတ်ခြင်းကို အကောင်အထည်ဖော်ဆောင် ရွက်သွားမှာဖြစ်ပါတယ်၊ ဒီလုပ်ငန်းအတွက် မြန်မာရေလုပ်သား အများဆုံးရှိတဲ့ ကော့သောင်းမြို့မှာ ရွှေ့ပြောင်းအလုပ်သမားရုံး ဖွင့်လှစ်ပေးပြီး One Stop Service အနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ MOU လုပ်ငန်းစဉ်ဖြစ်ရန် မြန်မာဘက်မှ အေဂျင်စီများနဲ့ ဆက်သွယ် ဆောင်ရွက်ရမှာဖြစ်လို့ အခုလို ခေါ်ယူတွေ့ဆုံရခြင်းဖြစ်ပါတယ်” ဟု အလုပ်သမား၊ လူဝင်မှု ကြီးကြပ် ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေမှ ပြောကြားခဲ့သည်။

လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ထိုင်းနိုင်ငံသို့ ရေလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်သည့် မြန်မာရေလုပ်သား ၄၁၁၂၅ ဦး၊ ရေလုပ်ငန်းနှင့်ဆက်စပ် သည့်လုပ်ငန်းများတွင် အလုပ်သမား ၄၅၄၀၀ ဦး၊ ရေထွက်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများတွင် အလုပ်သမား ၅၁၇၄၁ ဦးရှိသည်။

ထို့ပြင် အလုပ်သမားများ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှု အပြည့်အဝရရှိနိုင်ရန် ထိုင်းနိုင်ငံမှ အာမခံများပေးမှုအပေါ် မူတည်၍ MOU စနစ်ဖြင့် ရေလုပ်သားများ စေလွှတ်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

Link: http://www.elevenmyanmar.com/business/15021

## ကြာအင်းဆိပ်ကြီးမြို့နယ် လူထုဗဟိုပြု စီမံကိန်းအတွက် ကျပ် ၁၀, ၁၂၈ သန်း ထောက်ပံ့ငွေရရှိ

Karen Information Center, 13 September 2018

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွက် ကမ္ဘာ့ဘဏ်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းရေးရာဝန်ကြီး ဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ ပူးပေါင်းလုပ်ဆောင်သည့် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းစဉ် စီမံကိန်းကာလ လေးနှစ်အတွက် ကျပ် ၁၀, ၁၂၈ သန်း ထောက်ပံ့ငွေရရှိခဲ့သည်ဟု စီမံကိန်းတာဝန်ခံက စက်တင်ဘာ ၁၂ ရက်နေ့တွင် ကေအိုင်စီသို့ ပြောသည်။



စီမံကိန်း စောင့်ကြည့်ကြီးကြပ်ရေးတာဝန်ခံ ဦးထွန်းထွန်းဦးက “စီမံကိန်း ၄ နှစ်အတွင်းမှာ ထောက်ပံ့ငွေ စုစု ပေါင်းကျပ် ၁၀, ၁၂၈ သန်းရရှိတယ်။ ကျေးရွာ အုပ်စု ၅၀ က ရွာပေါင်း ၃၅၅ ရွာအတွက် နောက် ဆုံးနှစ် စီမံကိန်း စတင်ဖို့ ၁၀ အုပ်စုကတော့ လုပ်ငန်းဇယားတွေ တင်ပြထားတယ်။ ကျေးရွာ ၈ အုပ်စုစာတော့ မြန်မာ့စီးပွားရေး ဘဏ်မှာ ထောက်ပံ့ ငွေတွေ ရောက်နေပြီး။ ရွာလူထုတွေ ပြန်ပေးဆပ်စရာမလိုပါဘူး။ အဓိကလိုအပ်တဲ့ အခြေခံ လူမှုအဆောက်အအုံတွေ ရေ၊ မီး၊ လမ်းလိုအပ်ချက်တွေကို ကူညီထောက်ပံ့ပေးတာပါ” ဟု ပြောသည်။

ကျေးရွာအုပ်စုအလိုက် လူဦးရေပေါ်အခြေခံကာ ငွေကြေးထောက်ပံ့ပေးပြီ စာသင်ကျောင်း၊ သောက်သုံးရေ၊ မီးရရှိရေး၊ လမ်းနှင့် အခြားအခြေခံ အဆောက်အအုံလိုအပ်ချက်များကို ကျေးရွာလူထု ကိုယ်တိုင် အကောင် ထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းမျိုးဖြစ်ပြီး လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သာ အကျိုးရှိစေမည့်လုပ်ငန်းများနှင့် ဘာသာရေးနှင့်ဆိုင်သည့် အဆောက်အအုံများကို ဆောက်ခွင့်မပြုဟု တာဝန်ရှိသူထံမှ သိရသည်။ တောင်ဒီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးစောလှမိုးက “စီမံကိန်းထောက်ပံ့ငွေနဲ့ စာသင်ဆောင်၊ ကျောင်းသန့်စင် ခန်း၊ ရေတွင်း၊ စာသင်ကျောင်းခြံစည်းရိုး ကွန်ကရစ် ခတ်တာတွေ လုပ်နိုင်ခဲ့တယ်။ ပြန်မဆပ်ရဘူးဆိုတော့ အ ဆင်ပြေတယ်။ ကိုယ်ထူကိုယ်ထ လုပ်ရမယ်ဆို သိပ်မလွယ်ဘူး။ အစိုးရ၊ လွှတ်တော်မှာတင်ပြပြီး လုပ်မယ်ဆို အ ချိန်ကြာနေတာတွေ ဘတ်ဂျက် မလုံလောက်လို့ စောင့်ရတာပေါ့နော်။ ရွာမှာ ၄ နှစ်စာအတွက် ကျပ်သိန်း တစ်ထောင်ကျော် ထောက်ပံ့ငွေရတယ်” ဟု ကေအိုင်စီသို့ ပြောသည်။

လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ကာ တစ်နိုင်ငံလုံးရှိ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး မြို့နယ် ၃ ခုကို စီမံကိန်း စတင် အကောင်ထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ကရင်ပြည်နယ်အတွင်း ကြာအင်းဆိပ်ကြီးမြို့နယ်ကို ရွေးချယ်ခံခဲ့ရပြီး ၂၀၁၈ ခုနှစ်တွင် ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲမြို့နယ်ကို စီမံကိန်း လေးနှစ်တာ ငွေကြေးထောက်ပံ့မှု ပေးသွားမည်ဟု လူထုဗဟိုပြုစီမံကိန်း တာဝန်ရှိသူများထံမှ သိရသည်။

Link: https://www.bnionline.net/en/news/kyainseikgyi-township-receives-ks-10128-million-community-driven-development-project

## အလုပ်အကိုင်ပြပွဲမှ အလုပ်အကိုင်လပ်နေရာလပ် ထောင်ပေါင်းများစွာ တွေ့ရှိနိုင်

The Global New Light of Myanmar, 13 September 2018

ရန်ကုန်တွင် ပြုလုပ်မည့် ၂၀၁၈ ခုနှစ်၊အကြီးမားဆုံးအလုပ်အကိုင်ပြပွဲဖြစ်သည့်တွင် အလုပ်အကိုင် ထောင်ပေါင်းများစွာ တွေ့ရှိ

နိုင်မည်ဖြစ်ကြောင်း www.jobnet.com.mm တွင် ဖော်ပြထားသည်။




မြန်မာနိုင်ငံ၏ ထိပ်တန်းအလုပ်အကိုင်ကွန်ရက်မှ ဦးဆောင်ကျင်းပမည်ဖြစ်သော အလုပ်အကိုင်ပြပွဲကို စက်တင်ဘာလ ၂၂ ရက်နေ့တွင် နိုဗိုတယ်ဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး နံနက် ၅ နာရီမှာ ညနေ ၅ နာရီအထိဖြစ်သည်။

အလုပ်အကိုင်ပြပွဲတွင် အလုပ်လစ်လပ်နေရာထောင်ပေါင်းများစွာကို အလုပ်ရှာဖွေသူများထံ ကမ်းလှမ်းသွားမည်ဖြစ်သည်။ ပြည်တွင်း၊ပြည်ပကုမ္ပဏီ ၇၀ ခန့်ပြသသွားမည်ဖြစ်သည်။

PTTEP ၊ Nestle ၊ Ooredoo နှင့် မြန်မာဂျပန်ဆေးရွက်ကြီးစသည့် ကုမ္ပဏီများအပါအဝင် ကုမ္ပဏီ၆၅ ခု ပြပွဲတွင် ပါဝင်မည်ဖြစ်သည်။

ခေါ်သည့်အလုပ်အများစုမှာ အရောင်းကျွမ်းကျင်သူများ၊ ဈေးကွက်နှင့် လူထုဆက်ဆံရေးများ၊ သတင်းနည်းပညာများ၊ အင်ဂျင်နီယာ၊ လူ့စွမ်းအားအရင်းအမြစ်၊ စာရင်းကိုင်၊ စီမံခန့်ခွဲရေးနှင့် ထုတ်လုပ်ရေး စသည်တို့ပါဝင်သည်။

Link: http://www.globalnewlightofmyanmar.com/job-nation-to-offer-thousands-of-vacancies/

## ကရင်ပြည်နယ်တွင် သန့်စင်စွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်ရေးအတွက် WWF ပံ့ပိုးမည်

Eleven Myanmar 13 September 2018

ကရင်ပြည်နယ်တွင် သန့်စွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ကရင်ပြည်နယ် အစိုးရကို WWF – မြန်မာ (ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့) က ပံ့ပိုးကူညီမည်ဖြစ်ကြောင်း သိရသည်။

သန့်စင်စွမ်းအင်ဖြင့် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရနှင့် WWF – မြန်မာ တို့အကြား သဘောတူညီချက် တစောင်ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ ပြီး လိုအပ်သည့်ပံ့ပိုးကူညီမှုများကို စက်တင်ဘာလ ၁၇ ရက်နေ့တွင် စတင်မည်ဖြစ်ကြောင်း WWF – မြန်မာ မှ သိရသည်။

အဆိုပါ သဘောတူညီချက်အရ ပြည်နယ်အတွင်း သန့်စင်စွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်နိုင်ရန် နေရာနှင့် အလားအလာများ ဖော်ထုတ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ရှာဖွေ ချိတ်ဆက်ခြင်း၊ နှုန်းထားသက်သာသည့် လျှပ်စစ်ဓာတ်အား ရရှိရေးတို့အတွက် WWF က ကူညီမည်ဖြစ်ကြောင်း WWF – မြန်မာ မှ စွမ်းအင်ပရိုဂရမ် မန်နေဂျာ ကိုရွှန်းစိုဦး က ပြောသည်။"ကရင်ပြည်နယ် အစိုးရနဲ့ ပေါင်းလုပ်တာကျတော့ အစိုးရက ဦးဆောင်ပြီးတော့လုပ်တယ် decision ကို အစိုးရက ချတယ်။ အစိုးရက decision မချခင်မှာ လိုအပ်တဲ့ project နေရာရှာတာရော လိုအပ်တဲ့ တွက်ချက်တာရော ရင်းနှီးမြှုပ်နှံမှု ရှာပေးတာရော WWF က ကူညီပါတယ်"ဟု ၎င်းကဆိုသည်။

ကရင်ပြည်နယ်အစိုးရနှင့် WWF – မြန်မာအကြား သဘောတူ လက်မှတ်ရေးထိုးထားသည့် စာချုပ်သက်တမ်း ကာလသည် တစ်နှစ်ဖြစ်ပြီး ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း WWF – မြန်မာ မှ သိရသည်။

Link: http://www.elevenmyanmar.com/local/15038

## သင်ဖြူးဖျာယက်လုပ်ခြင်းဖြင့် ပန်းတနော်နယ်မှ အမျိုးသမီးများ ဝင်ငွေတိုးပွားရေး စီမံကိန်းချ လုပ်ဆောင်နေ

Karen Information Center, 13 September 2018

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်း ကျေးလက်နေ အမျိုးသမီးများအတွက် ဝင်ငွေတိုး စေရန် ရည်ရွယ်ပြီး တပိုင်တနိုင် သင်ဖြူးဖျာ ယက်လုပ်ခြင်းလုပ်ငန်းဖြင့် ဝင်ငွေရှာဖွေခြင်းကို INGO အဖွဲ့တစ်ခု၏ ပံ့ပိုးမှုနှင့် စီမံကိန်းတစ်ရပ်အနေဖြင့် လုပ်ဆောင်နေပြီးဖြစ်ကြောင်း သိရသည်။



အဆိုပါ တပိုင်တနိုင် သင်ဖြူးဖျာယက်လုပ်ခြင်း လုပ်ငန်း စီမံကိန်းကိုLIFT (Livelihoods and Food Security Trust Fund) မှ ငွေကြေးထောက်ပံ့ပေးခြင်းနှင့် GRET MYANMAR (INGO) အဖွဲ့၏ စီမံကိန်း ပံ့ပိုးမှုဖြင့်

ပန်းတနော် ကရင်လူငယ်များ ( PKY) အဖွဲ့မှ ဇူလိုင်လ ၁ ရက်နေ့မှ စတင်ကာ အကောင်အထည်ဖော် လုပ် ဆောင်ခြင်း ဖြစ်သည်။

(PKY)အဖွဲ့မှ စရဲသူရိန်ဟန်က "လက်ရှိ သင်ဖြူးဖျာလုပ်ငန်း လုပ်ဆောင်ရင်းနဲ့ သူတို့ရဲ့ စွမ်းဆောင်ရည် မြင့်တက်လာအောင် တခြားကဏ္ဍကနေ ကျနော်တို့က သင်တန်းတွေ ပေးတယ် ။ အစုအဖွဲ့ပုံစံနဲ့ လုပ် ဆောင်တတ်လာအောင် ၊ ကိုယ်ပိုင်ငွေစာရင်းလေးတွေ ရေးဆွဲတတ်လာအောင်၊ လုပ်ဆောင်နေတဲ့ စီမံကိန်းကနေတစ်ဆင့် နောက်ပိုင်းဝင်ငွေ ပိုတိုးပွားလာပြီး အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကိုလည်း လုပ်ဆောင်တတ်လာစေဖို့ အတွက်ပေါ့နော်" ဟု ကေအိုင်စီသို့ ပြောသည်။

ဒီဇင်ဘာလ ၃၁ရက်နေ့ အထိ သတ်မှတ်ထားသည့် စီမံကိန်းကာလအတွင်း သင်ဖျာဘဏ်တစ်ခု တည်ထောင်ပေးထားကာ စီမံချက်ကျေးရွာအတွင်းရှိ စိတ်ပါဝင်စားသူ အမျိုးသမီး ၂၀ဦးကို သင်ဖြူးဖျာများယက်လုပ်စေပြီး ၎င်းတို့မှ တစ်လလျှင် အနည်းဆုံး ၄၅၊၀၀၀ကျပ် တန်ဖိုးရှိ သင်ဖြူးဖျာများကို ပေးသွင်းရမည်ဖြစ်သည်ဟု သိရသည်။

အဆိုပါ သင်ဖြူးဖျာများကို ပြန်လည်ရောင်းချခြင်းဖြင့် ဝင်ငွေရှာဖွေပေးသည့် နည်းလမ်းဖြစ်ပြီး ထိုသို့ လုပ်ဆောင်နိုင်ရန် အမျိုးသမီး ၂၀ ဦးထဲမှ ၅ ဦးကို အဖွဲ့ခေါင်းဆောင်အဖြစ်ထားကာ ငွေထိန်း၊ ဈေးကွက်ရှာသူ၊ သင်မထုတ်ပေးသူ၊ ဖျာလက်ခံသူ စသည်ဖြင့် လုပ်ငန်းတာဝန်အသီးသီးခွဲဝေပြီး အစုအဖွဲ့ပုံစံဖြင့် စုပေါင်းလုပ်ဆောင်သွားကြမည်ဖြစ်သည်ဟု စီမံကိန်းတာဝန်ရှိသူများက ပြောသည်။

ထိုသို့လုပ်ဆောင်ခြင်းဖြင့် ဒေသထွက်ကုန်များဖြင့် အသက်မွေး ဝမ်းကျောင်းများလုပ်ကိုင်ပြီး ပြင်ပတွင် အလုပ်ထွက်လုပ်ကိုင်ရသူ နည်းပါးလာစေရန်၊ ငွေတိုးကြေးတိုး ရယူခြင်းများ လျော့နည်းလာစေရန် ၊ မိသားစုများမှ ဝင်ငွေ တိုးလာခြင်းဖြင့် သားသမီးများ၏ ပညာရေးကဏ္ဍတွင် ပိုမိုအားပေး လာနိုင်စေရန် မျှော်မှန်းထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုစီမံကိန်းကို ပန်းတနော် မြို့နယ်တွင် ပထမဆုံးစတင်အကောင်အထည်ဖော်ခြင်းဖြစ်ပြီး မြို့နယ်အတွင်း နေထိုင်သူ များအနေဖြင့် လယ်၊ ယာ၊ ကိုင်းသီးနှံ၊ ကွမ်း၊ ရေလုပ်ငန်းစသည်တို့အပြင် သင်ဖြူးဖျာယက်လုပ် ရောင်းချခြင်း လုပ်ငန်းကိုလည်း တပိုင်တနိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖြစ် လုပ်ကိုင်ကြသည်ဟု လည်းသိရသည်။

Link: https://www.bnionline.net/en/news/mat-weaving-project-aims-increase-rural-womens-income-pantanaw-area

## မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တည်ထောင်မည့် ငါး၊ ပုဇွန်မွေးမြူရေးဇုန်များကို အစိုးရမှ အတည်ပြု

The Global New Light of Myanmar, 16 September 2018

မြန်မာနိုင်ငံ ငါးဖမ်းလုပ်ငန်းအဖွဲ့ချုပ်(MFF) မှ အာဏာပိုင်များထံသို့ အဆိုပြုချက် တင်သွင်းပြီးနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ငါး၊ ပုဇွန်မွေးမြူရေးဇုန်များကို တည်ထောင်ရန် ခွင့်ပြုလိုက်သည်ဟု MFF ၏ အဆိုရဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ဝန်ကြီးဌာနသည် ငါး၊ ပုဇွန်မွေးမြူရေးဇုန်များ တည်ထောင်ရန် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အစည်းအဝေးမှာ ငါးနဲ့ ပုဇွန်မွေးမြူရေးဇုန်တွေ အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ တာဝန်ယူလိုက်ပါတယ်။ အစိုးရကလည်း ပံ့ပိုးပေးမယ်လို့ ကတိဝတ်ပြုခဲ့ပါတယ်။ လိုအပ်ရင် ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ကွင်းဆင်းစစ်ဆေးမှုတွေပြုလုပ်ပြီး စီမံကိန်းအတွက် လမ်းညွှန်မှုတွေပေးပါမယ် ဟု ၎င်းက ပြောသည်။

MFF သည် ဖြစ်နိုင်ခြေရှိသည့် စီမံကိန်းနေရာများကို လေ့လာခဲ့ပြီး ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ ပဲခူးနှင့်မန္တလေးတိုင်းများတွင်အကောင်အထည်ဖော်မည်ဖြစ်သလို ရခိုင်၊ မွန်နှင့် ကရင်ပြည်နယ်နှင့် နေပြည်တော်တို့တွင်လည်း စီမံဆောင်ရွက်မည်ဖြစ်သည်။

Link: http://www.burmalibrary.org/docs25/GNLM2018-09-16-red.pdf

## ရန်ကုန်မြို့သစ်စီမံကိန်းတွင် အလုပ်အကိုင်အခွင့်အလမ်း ၉ သိန်းကျော် ဖန်တီးနိုင်ရန် မျှော်မှန်း

Eleven Myanmar, 17 September 2018

ရန်ကုန်မြို့တော်၏ မြို့သစ်စီမံကိန်းအတွက် ရည်မှန်းသောဧရိယာမှာ ဧက၁၆၈ ၀၀၀ နှင့် ၂၀၀၀၀ ဧကရှိပြီး ပထမဆုံးအပိုင်းအတွက် အသုံးပြုမည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်း ၉ သိန်းခန့် ဖန်တီးပေးနိုင်ရန် မျှော်မှန်းထားသည်။

ရန်ကုန်မြို့တော် ဖွံ့ဖြိုးရေးကုမ္ပဏီ(NYDC) သည် အမြင့်ဆုံးစီမံခန့်ခွဲရေးကုမ္ပဏီဖြစ်သည့် McKinsey & Company ကိုလူမှုစီးပွားရေးမာစတာစီမံကိန်း(SEMP)တစ်ခုရေးဆွဲရန် ငှားရမ်းခဲ့သည်။ NYDC မှ မူကြမ်းကို ဇွန်လတွင် အပြီးသတ်ရေးဆွဲခဲ့ကြောင်း ပြောခဲ့သည်။ နိုင်ငံတကာဖွံ့ဖြိုးရေး UK ဌာနမှ အတွက် စီမံကိန်း အတွက် ငွေကြေး ကူညီပေးမည်ဖြစ်ပြီး အလုပ်အကိုင်အခဝင့်အလမ်း ၂သန်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။ McKinsey ကုမ္ပဏီသည် ကွင်းဆင်းစုံစမ်းမှုများနှင့် အကဲဖြတ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့ပြီး အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ ဆွေးနွေးတိုင်ပင်ခဲ့သည်။

ပထမဆံရန်ကုန်မြို့သစ်စီမံကိန်းသည် အလုပ်အကိုင်အခွင့်အလမ်း ၆ သိန်းမှ ၉ သိန်းအထိ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

အဆောက်အဦးများကို ဦးစွာ တည်ဆောက်မည်ဖြစ်သည်။ စက်မှုဇုန်များနှင့် စီးပွားရေးလုပ်ငန်းများကို ရန်ကုန်မြို့သစ်သို့ ပြောင်းရွှေ့နိုင်သည်။ အလုပ်အကိုင်အခွင့်အလမ်းများသည် ယခုနှစ်နှောင်းပိုင်းတွင် ပိုမိုများလာမည်ဖြစ်သည်။

Link: http://www.elevenmyanmar.com/local/15092

## မြန်မာနိုင်ငံ၏အမြင့်ဆုံးဖြစ်လာမည့် ဂုတ်တွင်းတံတား သစ်စီမံကိန်းကို နောင်ချိုမြို့ရောင်လမ်းတွင်တည်ဆောက်မည်

Myanmar Business Today, 17 September 2018

ရှမ်းပြည်နယ်နောင်ချိုမြို့နယ်ရှိ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကို ယှဉ်တွဲမြင်တွေ့နိုင်သော ၆၉၆ မီတာအကွာ နောင်ချိုမြို့ရောင်လမ်းတွင်တည်ရှိမည့် မြန်မာနိုင်ငံ၏အမြင့်ဆုံးဖြစ်လာမည့် ဂုတ်တွင်းတံတာ သစ်စီမံကိန်းကို တည်ဆောက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းကစက်တင်ဘာလ ၅ ရက် အမျိုးသား လွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။



တံတားတိုင်၏အမြင့်မှာ ပျမ်းမျှ ပေ၆၀၀ခန့်အမြင့်ရှိမည် ဖြစ်ပြီးခန့်မှန်းခြေအမေရိကန်ဒေါ်လာသန်း ၁၂၀ဒသမ ၇၇ သန်းနှင့်မြန်မာငွေ ကျပ်၄၀ဘီလီယံငွေနှစ်ရပ်ပေါင်းအ သုံးပြု၍တံတားသစ်ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"လက်ရှိတည်ဆောက်မည့်နေရာက ကမ္ဘာကျော်ဂုတ်ထိပ်တံတားကိုလည်း ယှဉ်တွဲပြီးမြင်တွေ့ရမှာ ဖြစ်တဲ့အတွက် ကမ္ဘာလှည့်ခရီးသွားတွေကိုဆွဲဆောင်နိုင်တဲ့စီမံကိန်းတစ်ခုဖြစ်ပါတယ်၊ တံတားတည်ဆောက်မယ့်ပုံစံက မြန်မာနိုင်ငံမှာ တစ်ကြိမ် တစ်ခါမှတည်ဆောက်ခြင်းမရှိသေးတဲ့Balance Cantilever Method ကိုCable Stayed နှင့် ပေါင်းစပ် တည်ဆောက်သွားမှာ ဖြစ်ပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးကျော်လင်းက ပြောသည်။

တံတားတည်ဆောက်သည့် စီမံကိန်းကိုနိုင်ငံတော်ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်မဟုတ်ဘဲOriental Highway Co,Ltd. ပိုင်ငွေကြေးဖြင့်စိုက်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ တံတားတည်ဆောက်ရန်မလွတ်ကင်းသည့် မြေနေရာများမှ တောင်သူ ၂၈၃ ဦး၏ မြေဧက၄၆၃ဒသမ၃၈ဧကအတွက် လျော်ကြေးငွေ၆ဒသမ၁၇၃ဘီလီယံကို တံတား ဦးစီးဌာနမှ ပေးလျော်ခဲ့ပြီးဖြစ်ပြီး လျော်ကြေးငွေတောင်းခံခြင်းမရှိသည့် တောင်သူ၆၂ဦး၏ လျော်ကြေးငွေအားပေး ချေပြီးပါကစီမံကိန်းလုပ်ငန်းများကိုချက်ခြင်းစတင်သွားမည်ဖြစ်ကြောင်းဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးကျော်လင်းက ပြောသည်။

ပြည်တွင်းပြည်ပခရီးသွားများ အထူးသွားရောက်လေ့ရှိသောနေရာများအနက်မှ တစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားသည်မန္တလေး-လားရှိုး နောင်ချိုဘူတာအလွန်ဂုမိုင်အကွာတွင်တည်ရှိပြီး ၁၉၀၃ခုနှစ်တွင်စတင်အသုံးပြုခဲ့ကြောင်း သိရသည်။ တံတားသည် ပေ၃၀၀ ကျော်မတ်စောက်သည့်လျှိုနှစ်ဘက်ကို ဖြတ်ကျော်တည်ဆောက်ထားခြင်းဖြစ်ပြီး တံတား၏ အရှည်မှာ၂၂၆၀ပေရှိကြောင်းသိရသည်။

Link: https://www.mmbiztoday.com/articles/myanmar-build-its-highest-bridge-near-famous-goteik-viaduct

## မြန်မာနိုင်ငံတွင် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ ဖွင့်ရန် ပြည်ပနိုင်ငံများ ကမ်းလှမ်း

The Irrawaddy, 18 September 2018



မြန်မာနိုင်ငံ အတွင်း ပုဂ္ဂလိက ဆေးတက္ကသိုလ်နှင့် သူနာပြုတက္ကသိုလ်များ လာရောက်ဖွင့်ရန် ပြည်ပနိုင်ငံများမှ ကမ်းလှမ်းမှုများ ရှိနေကြောင်း ကျန်း မာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ မြင့်ထွေးက စက်တင်ဘာ ၁၇ ရက်နေ့က ကျင်းပ

သည့် အမျိုးသား လွှတ်တော် အစည်းအဝေး၌ ပြောကြားသည်။

ဒေါက်တာ မြင့်ထွေးက "ပုဂ္ဂလိက ဆေးကျောင်းတွေ၊ ပုဂ္ဂလိက သူနာပြု ကျောင်းတွေ ဖွင့်ဖို့ တာဆူနေပါတယ်။ ကျနော်တို့ကို အများကြီး လာတွေ့နေပါတယ်။ အဆင် သင့် ဖြစ်နေတယ်။ သို့သော် ပညာရေးနဲ့ သက်ဆိုင်တဲ့ ဥပဒေ မထွက်သေးဘူး ပြောပါတယ်။ အဲဒါ ထွက်လာရင် ဒါကို လုပ်လို့ရတယ်" ဟု လွှတ်တော် အစည်းအ ဝေးတွင် ပြောသည်။

မြန်မာနိုင်ငံအတွင်း ယင်းကဲ့သို့ ပုဂ္ဂလိက ဆေးဘက်ဆိုင်ရာ သင်တန်းကျောင်းများ လာရောက် ဖွင့်လှစ်ရန် အိန္ဒိယနှင့် ကိုရီးယားနိုင်ငံတို့မှ ကမ်းလှမ်း ကြကြောင်း၊ သူနာပြု တက္ကသိုလ် အောင်မြင်သူများမှာ မြန်မာနိုင်ငံအတွင်းနှင့် တခြား နိုင်ငံများတွင်လည်း အလုပ်အကိုင် အခွင့်အလမ်း ပေါများကြောင်းကို ပြည်ထောင်စု ဝန်ကြီးက ဆွေးနွေးသွားသည်။

ပြည်သူ့ လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်မှု ကော်မတီမှ အဖွဲ့ဝင် တဦးဖြစ်သူ ဒေါ်ဖြူဖြူသင်းက "တိုင်းပြည်မှာ သူနာပြု အင်အားက ပြည့်မီအောင် မထည့်နိုင်ဘူး။ ထွက်တဲ့သူတွေကလည်း များလာတယ်။ အစိုးရနဲ့ ပြင်ပ အလုပ်ဆိုရင် ပြင်ပ အလုပ် ရွေးချယ်တာ များလာတယ်။ ဒီလို သင်တန်းကျောင်းတွေ ဖွင့်ပေးရင်တော့ အလွန် ကောင်းပါ တယ်" လို့ ရောဝတီသို့ သုံးသပ် ပြောဆိုသည်။

ထိုသို့ သင်တန်းကျောင်းများတွင် ပညာရပ်များ သင်ကြားပြီးမှ နိုင်ငံခြား ထွက်၍ အလုပ်လုပ်ပါကလည်း ပညာရပ် တခုနှင့် အလုပ်ထွက် လုပ်ခြင်း ဖြစ်သည့် အတွက် ပို၍ ကောင်းမွန်နိုင်ကြောင်း၊ ထို့ကြောင့် အစိုးရမှ ယင်းကဲ့သို့ သင်တန်းကျောင်း များ ဖြစ်စေ၊ နိုင်ငံတကာမှ ဖြစ်စေ လာရောက် ဖွင့်လှစ်ခြင်းမှာ ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်း များပြားလာနိုင် ကြောင်း ၎င်းက ပြောသည်။

စက်တင်ဘာ ၁၇ ရက်က မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်က ဒေါက်တာ ဦးကြွယ်ကြွယ်က ဆေးတက္ကသိုလ် ဝင်ခွင့်အား ယောကျာ်း၊ မိန်းမ ခွဲခြားပြီး ၅၀ ရာခိုင်နှုန်းစီ သတ်မှတ်ထားခြင်းကို ပယ်ဖျက်ပေးရန်နှင့် ရရှိသည့် အမှတ် အလိုက် အစဉ် အတိုင်း ဝင်ခွင့်ပေးရန် အစီ အစဉ် ရှိ/ မရှိ မေးမြန်းခဲ့ခြင်းကို ပြည်ထောင်စု ဝန်ကြီးက ပြန်လည် ဖြေကြားရာတွင် ထည့်သွင်း ဖြေကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မေးခွန်းနှင့် ပတ်သက်၍ ဒေါက်တာ မြင့်ထွေးက "လောလောဆယ်မှာတော့ ပြင်ဆင်ဖို့ အစီအစဉ် မရှိသေးပါဘူး။ ပြင်ဆင်မယ်ဆို ပါမောက္ခချုပ်တွေ၊ ပါမောက္ခ တွေနဲ့ အကုန်လုံး ညှိနှိုင်းပြီး အစိုးရ အဖွဲ့ရုံးကို တင်ပြီးမှ ပြောင်းဖို့ သင့်တယ် ဆိုရင် ပြောင်းမှာပါ" ဟု ပြော သည်။

ထိုကဲ့သို့ ပြည်ပနိုင်ငံများမှ လာရောက် ကမ်းလှမ်းသည့် ပုဂ္ဂလိက ဆေးတက္ကသိုလ်နှင့် သူနာပြု တက္ကသိုလ်များ လက်ခံ ဖွင့်လှစ်နိုင်ရန် အတွက် ဥပဒေပြုရေး မဏ္ဍိုင်ဖြစ်သည့် လွှတ်တော်နှင့် ကိုယ်စားလှယ်များကလည်း ဝိုင်းဝန်း ကူညီ ပံ့ပိုးပေးရန် လိုအပ်ကြောင်း ပြည်ထောင်စု ဝန်ကြီးက ပြောသည်။

Link: https://www.irrawaddy.com/news/burma/myanmar-govt-plans-open-private-medical-universities.html

**မြန်မာ-ထိုင်းနယ်စပ် မောတောင်ရှိလင်းခင်းမှု ၇၀ ရာခိုင်နှုန်း ပြီးစီး**

Eleven Myanmar, 19 September 2018




ထုန်းခါး- မောတောင်လမ်းမကြီးဖောက်လုပ်မှုသည် ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ဒီဇင်ဘာလတွင် ပြီးစီးမည်ဖြစ်သည်။ တနင်္သာရီမြို့နယ်ရှိ ထုန်းခါး- မောတောင်လမ်းမကြီးကို မြိတ်လူထု ကုမ္ပဏီက တာဝန်ဆောက်လုပ်ခြင်းဖြစ်ပြီး ဒီဇင်ဘာလတွင် အပြီးသတ်မည်ဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။

လက်ရှိတွင် မုတ်သုန်ရာသီဖြစ်သောကြောင့် လမ်းအား ခရီးသွားရာတွင် အသုံးမပြုနိုင်သေးပေ၊ ကုန်စသည်များ သယ်ယူမှုတွင် အခက်အခဲများ ကြုံတွေ့နေရသည်။

ကျွန်တော်တို့ ကုမ္ပဏီက လမ်းဆောက်လုပ်မှုကို တာဝန်ယူ ဆောက်လုပ်နေပါတယ်။ ပြီးဖို့ ၃ လလောက်လိုပါသေးတတ်။ နောက်ထပ် အစိုးရက တန်သာရီတံတားကို တည်ဆောက်နေပါပြီ၊ ဒီနှစ်ကုန်မှာ ပြီးပါလိမ့်မယ်။ ရလဒ်အနေနဲ့ကတော့ ထိုင်းက မြန်မာနိုင်ငံမှာ စီးပွားရေးတွေ လာရောက်လုပ်ကိုင်ဖို့ စိတ်ဝင်စားနေကြပါတယ်၊ မြိတ်မှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ဖို့ သူတို့ ပြင်ဆင်နေကြပါတယ်ဟု မြိတ်လူထုကုမ္ပဏီမှ ဥက္ကဋ္ဌဖြစ်သူ ဦးလှသန်းက ပြောသည်။

Link: http://www.elevenmyanmar.com/local/15107

**ရခိုင်ပြည်နယ်တွင် JICA အကူအညီဖြင့် စာသင်ကျောင်း ၁၅ ကျောင်းဆောက်မည်**

Narinjara, 19 September 2018

ရခိုင်ပြည်နယ်တွင် JICA (Japan International Cooperation Agency) ၏ အကူအညီဖြင့် ( ၂၀၁၈- ၂၀၁၉) ပညာသင်နှစ် အတွင်း စာသင်ကျောင်း ၁၅ ကျောင်း ဆောက် လုပ်သွားမည်ဟု သတင်းရရှိသည်။




တည်ဆောက်မည့် ကျောင်းများထဲတွင် စစ်တွေမြို့နယ်မှ ၄ ကျောင်းပါဝင်ပြီး ၎င်းတို့မှာ အထက ( ခွဲ) ၃ ရေတပ်၊ မူလွန်- သဂန်က်၊ မူလွန်- သာယာကုန်း၊ အလက- အောင်ဒိုင် တို့ ဖြစ်ကြသည်။

ပုဏ္ဏားကျွန်းမြို့နယ်တွင် ၃ ကျောင်း တည်ဆောက်မည် ဖြစ်ရာ ၎င်းတို့မှာ အထက- ကျွဲထိုး၊ မူလွန်- ကုန်တမ်း( ကုန်တန်း) ၊ အထက( ခွဲ) ပြင်လျားရှည်တို့ဖြစ်ကြပြီး ကျောက်တော်မြို့နယ်မှ အထက( ခွဲ) ရှမ်းရွာနှင့် မူလွန်- သရက်တစ်ပင် ကျောင်းတို့ ပါဝင်သည်။

မြောက်ဦးမြို့နယ် ၂ ကျောင်းပါဝင်ရာ ၎င်းကျောင်းများမှာ အထက- တိန်ညိုနှင့် မူလွန်- အင်းရှည် တို့ဖြစ်ကြပြီး မင်းပြားမြို့နယ်မှ ၂ ကျောင်းတွင် အထက ( ၁) မင်းပြားနှင့် အထက- ကနီ( ကမ်းနီ) တို့ဖြစ်ကြသည်။

မြေပုံမြို့နယ်တွင် အထက (လွန်းလုံပိုက်) နှင့် ကျောက်ဖြူမြို့နယ်မှ ဇင်ချောင်း အထကတို့ ပါဝင်သည်။ဆောက်လုပ်မည် ကျောင်းများကို ရွေးချယ်ပုံနှင့် ပတ်သက်ပြီး သူက ယခုလို ပြောကြားသည်။

“ ကျောင်းများရွေးချယ်သလဲဆိုတာ ရေကြီးမြေပြို သဘာဝ ဘေးဒဏ်ခံရတဲ့ ကျောင်းတွေပါ ခင်ဗျား။ ၂၀၁၅ ဆိုင်ကလုန် Cyclone Komen တိုက်ခိုက်ပြီး ယူနီဆက်က ဆောက်တယ်၊ JICA က ဆောက်တယ်။ နောက်လက်ကျန် ကျောင်းတွေကို ရွေးလိုက်တာဖြစ်ပါတယ်” ဟု ပြောကြားသည်။

၂၀၁၅ ခုနှစ် တိုက်ခတ်သွားသော ကိုမန် မုန်တိုင်း အတွင်း JICA မှ ဂျပန်ယန်း ၁၅၀ ဘီလီ အသုံးပြုကာ မြန်မာ တစ်နိုင်ငံလုံး ၄၉၃ ကျောင်းဆောက်လုပ်ရန် သတ်မှတ်ခဲ့ကြောင်း၊ ထိုအထဲတွင် ရခိုင်မှ ကျောင်း ၂၆၀ ကျောင်းကို ပြုပြင်ခြင်း၊ အသစ်ဆောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ၎င်းကျောင်းများအတွက် ပထမအကြိမ်တင်ဒါ၊ ဒုတိယ အကြိမ် တင်ဒါ၊ တတိယ အကြိမ် တင်ဒါများကို ခေါ်ယူခဲ့ပြီ ဖြစ်ကြောင်း ယခုစာသင်ကျောင်း ၁၅ ကျောင်းအတွက် တင်ဒါမှာ စတုတ္ထ အကြိမ် ခေါ်ယူမည့် တင်ဒါဖြစ်ကြောင်း ဦးကျော်နိုင်က ပြောကြားသည်။

Link: https://www.bnionline.net/en/news/rakhine-state-build-15-schools-jicas-assistance

## တရားဥပဒေနှင့်အုပ်ချုပ်မှု

**၂၀၂၀ ရွေးကောက်ပွဲတွင် တိုင်းရင်းသား ပါတီများ ပူးပေါင်းမည်**

The Irrawaddy, 11 September 2018




လာမည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံလုံးဆိုင်ရာ လွှတ်တော်နှင့် ဒေသဆိုင်ရာ လွှတ်တော်များတွင် ကိုယ်စားလှယ်နေရာ အများစုရရှိရန် မျှော်လင့်ချက်ဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသား ဒေသများမှ ဒေသခံ နိုင်ငံရေးပါတီများ ပူးပေါင်းလာကြသည်။ ထိုရည်မှန်းချက် အောင်မြင်လျှင် တိုင်းရင်းသားများ အနေဖြင့် ၎င်းတို့၏ အခွင့်အရေးများ တိုးတက်စေရန် လုပ်ပိုင်ခွင့် ပိုမို ရရှိမည်ဖြစ်သည်။

အာဏာရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှအပ မြန်မာနိုင်ငံ၏ အဓိက တိုင်းရင်းသား ၈ မျိုးတို့၏ ဒေသများအနက် လေးမျိုးတို့၏ ဒေသများမှ နိုင်ငံရေးပါတီများသည် ပူးပေါင်းလိုက် ကြပြီ ဖြစ်သည်။

၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ ရလဒ်များသည် တိုင်းရင်းသားပါတီများအတွက် အဓိက သင်ခန်းစာဖြစ်ခဲ့သည်။ ထိုသင်ခန်းစာမှာ ၎င်းတို့အကြားတွင် ညီညွတ်မှုမရှိခြင်း၊ NLD အပြတ်အသတ် အနိုင်ရခြင်းကြောင့် နိုင်ငံလုံးဆိုင်ရာ လွှတ်တော်တွင် ကိုယ်စားလှယ် နေရာ ၁၁ ရာခိုင်နှုန်းသာ ရရှိခြင်းတို့ ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် နိုင်ငံရေးပါတီ ၉၁ ခု ရွေးကောက်ပွဲဝင်ခဲ့ပြီး ၎င်းတို့အနက် ၆၄ ရာခိုင်နှုန်း သို့မဟုတ် ၅၉ ပါတီသည် တိုင်းရင်းသားပါတီများ ဖြစ်သည်။ အဓိက တိုင်းရင်းသား အုပ်စုများဖြစ်သော ရှမ်း၊ ကချင်၊ ကယား၊ ချင်း၊ မွန်နှင့် ကရင် အုပ်စုများအနက် တခုစီကို အနည်းဆုံး ပါတီနှစ်ခုစီက ကိုယ်စားပြုခဲ့ကြသည်။မဲကွဲသွားသောကြောင့် တိုင်းရင်းသား ပါတီများ အနိုင်ရသည့် လွှတ်တော် ကိုယ်စားလှယ်နေရာမှာ စစ်အစိုးရ လက်အောက်တွင် ကျင်းပသည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် ၄ ရာခိုင်နှုန်း ကျဆင်း သွားသည်။

တပါတီနှင့်တပါတီ အချင်းချင်း ယှဉ်ပြိုင်နေမည့်အစား တိုင်းရင်း သားပါတီငယ် အများအပြားတို့သည် ၂၀၂၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်နေရာ ပိုမိုရရှိရေးအတွက် ပူးပေါင်းကြရန် ဆုံးဖြတ်လိုက်ကြသည်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် တိုင်းရင်းသား ပြည်နယ်များတွင် ကျေနပ်လောက်သော တိုးတက် မှုကို ဆောင်ကျဉ်းပေးနိုင်ခြင်းမရှိဟု ၎င်းတို့ ယူဆသောကြောင့် နောက်ဆုံးတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုပင် အနိုင်ယူ ရန် ရည်မှန်းကြသည်။

ထိုသို့ ပေါင်းစည်းသည့် ဖြစ်စဉ်များသည် NLD အာဏာရပြီးနောက် စတင်ခဲ့သော်လည်း မတူညီသော ပါတီများ၏ အမာခံများတွင် အမျိုးမျိုးသော နိုင်ငံရေး အမြင်များနှင့် ရည်ရွယ်ချက်များ ရှိနေသောကြောင့် အစပိုင်းတွင် ပေါင်းစည်းရေး လုပ်ငန်းမှာ ခက်ခဲခဲ့ကြောင်း တွေ့ရသည်။ သို့သော် တိုင်းရင်းသားပြည်သူများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ် စနစ် ထူထောင်ရေးတွင် NLD ၏ အားထုတ်မှုကို မကျေနပ်သောအခါ ဒေသခံ နိုင်ငံရေးပါတီများ ပူးပေါင်းရန် ဖိအား ပိုမိုပေးလာကြသည်။

NLD အာဏာရလာပြီး နှစ်နှစ်ခွဲအတွင်းတွင် မြန်မာနိုင်ငံ၏ အဓိက တိုင်းရင်းသားဒေသများဖြစ်သည့် ကရင်၊ ကချင်၊ ကယား၊ မွန်နှင့် ချင်းပြည်နယ်များမှ နိုင်ငံရေးပါတီများသည် ၂၀၂၀ ရွေးကောက်ပွဲအတွက် ပူးပေါင်းဆောင်ရွက်မည်ဟု ကြေညာခဲ့ကြသည်။

Link: https://www.irrawaddy.com/news/politics/ethnic-political-parties-merge-to-seek-stronger-representation-in-2020-election.html

## <u>တိုင်းရင်းသား ဘာသာ ဆရာများ ကျောင်းတွင် ရိုးရာဝတ်စုံ ဝတ်ဆင်ခွင့်ပြုရန် အစိုးရထံ တောင်းဆို</u>

The Irrawaddy, 14 September 2018

ကရင်လွှတ်တော်ကိုယ်စားလှယ် တဦးက အစိုးရကျောင်းများရှိ တိုင်းရင်းသား ဘာသာစကားသင် ဆရာ၊ ဆရာမများ ရိုးရာဝတ်စုံ ဝတ်ဆင်ခွင့်ပြု မပြု ပညာရေးဝန်ကြီးဌာနသို့ မေးမြန်းထားသည်။



လှိုင်းဘွဲ့မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နန့်မိုးမိုးထွေးက ၎င်းမဲဆန္ဒနယ်အတွင်းရှိ ကရင် တိုင်းရင်းသား ကျောင်းဆရာ၊ ဆရာမ တချို့ကို ကိုယ်စားပြု၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ ယခင်တပတ် အင်္ဂါနေ့က စာတစောင်ပို့ခဲ့သည်။

ယင်းသို့မေးမြန်းရခြင်း ရည်ရွယ်ချက်မှာ ကရင်လူငယ်များ ရိုးရာဝတ်စုံ မည်သို့ဝတ်ဆင်ရမည်ကို သိစေရန်နှင့် တန်ဖိုးထားတတ်စေရန်ဖြစ်ကြောင်း သူက ပြောသည်။

"ကျမတို့မြို့နယ်က ကရင်တိုင်းရင်းသားဆရာ၊ ဆရာမတွေတင်မကဘဲ ကရင်ပြည်နယ်မှာ တာဝန်ထမ်းဆောင် နေတဲ့ တခြား ကရင်ဆရာ၊ ဆရာမတွေကလည်း သူတို့ရိုးရာဝတ်စုံ ဝတ်ချင်ကြတယ်ဆိုတာ သေချာပါတယ်" ဟု စာလွှာတွင် ဖော်ပြထားသည်။

နန့်မိုးမိုးထွေး၏ စာသည် ဆရာ၊ ဆရာမများကို ၎င်းတို့ရိုးရာဝတ်စုံ ဝတ်ဆင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရသို့ ပထမဆုံး တောင်းဆိုမှုဖြစ်သည်။

မွန်အမျိုးသားပညာရေးဌာနမှ သုတေသနနှင့် စည်းရုံးရေးဆိုင်ရာ စီစဉ်ညှိနှိုင်းရေးမှူး နိုင်ရောဂတောင်က တိုင်းရင်းသား လူနည်းစုဆရာ၊ ဆရာမများကို အစိုးရအနေဖြင့် အသိအမှတ်ပြုရန် အရေးကြီးကြောင်း ပြောသည်။ အစိုးရက ၎င်းတို့ကို တိုင်းရင်းသားဝတ်စုံကို နေ့စဉ်မဟုတ်လျှင် တပတ်တကြိမ် အနည်းဆုံး ဝတ်ဆင်ခွင့်ပြုသင့်ကြောင်း သူက အကြံပြုသည်။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချိန်တွင် မွန်ပြည်နယ်ရှိ မွန်ဘာသာစကားသင် ဆရာ၊ ဆရာမများကို မွန်တိုင်း ရင်းသားဝတ်စုံ စတင်ဝတ်ဆင်ခဲ့သော်လည်း ယမန်နှစ်က ဆက်လက် မဝတ်ဆင် ကြတော့ကြောင်း၊ အစိုးရက သင်ရိုးညွှန်း တမ်းတွင်

လူနည်းစု တိုင်းရင်းစားဘာသာစကား ပြဋ္ဌာန်းပြီးနောက် ဆရာ၊ ဆရာမများကို အစိုးရဝန်ထမ်းအဖြစ် သတ်မှတ် ထားသော တူညီဝတ်စုံသာ ဝတ်ဆင်စေခဲ့ကြောင်း နိုင်ရော့ဂတောင်က ပြောသည်။

“ထိုင်းနိုင်ငံမှာ လိုမျိုး တိုင်းရင်းသား လူနည်းစု ကျောင်းသားတွေကိုတောင်မှ သူတို့ရဲ့ ရိုးရာဝတ်စုံတွေကို အစိုးရက ခွင့်ပြုပေး သင့်ပါတယ်။ ကျောင်းသားတွေကို တပတ်မှာတရက် သက်ဆိုင်ရာ တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်တာ ခွင့်ပြုတာမျိုးပါ” ဟု သူက ပြောသည်။

Link: https://www.irrawaddy.com/news/burma/lawmaker-asks-govt-let-minority-language-teachers-don-traditional-dress.html

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

**နိုင်ငံရေးဆွေးနွေးမှု မူဘောင်များပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲ ဆက်လက်ကျင်းပ၍ အတွင်းရေးမှူးအဖွဲ့၏ကဏ္ဍကို ပြန်လည်သုံးသပ်မည်**

The Global New Light of Myanmar, 1 September 2018

အစိုးရ၊လွှတ်တော်နှင့် တပ်မတော်တို့အတွင်း နိုင်ငံရေးဆွေးနွေးမှု မူဘောင်များပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲကို နေပြည်တော်ရှိ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးစင်တာတွင် ယမန်နေ့က ကျင်းပပြုလုပ်ခဲ့သည်။



ဒုတိယနဲ့တတိယအကြိမ်ကျင်းပခဲ့တဲ့ပင်လုံမှာ ရရှိလာတဲ့သဘောတူညီမှုတွေကို ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါ အတွင်းရေးမှူးအဖွဲ့က ဒုတိယအကြိမ်ပင်လုံမှ အခိုင်အမာပူးပေါင်းဆောင်ရွက်ပေမယ့် တတိယအကြိမ်ပင်လုံမှ ပူးပေါင်းမှုအပိုင်းအားနည်းတာတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့က အတွင်းရေးမှူးအဖွဲ့ရဲ့ ကဏ္ဍကို ပြန်လည်သုံးသပ်ဖို့နဲ့ ဖွဲ့စည်းမှုတည်ဆောက်ပုံကို ပြန်လည်ပြင်ဆင်ဖို့ သဘောတူညီခဲ့ပါတယ် ဟု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီမှ အတွင်းရေးမှူးဖြစ်သူ ဦးဇော်ဌေးက ပြောသည်။

အစိုးရ၊ လွှတ်တော်နှင့်တပ်မတော်အဖွဲ့၏ ဆွေးနွေးမှုသည် နိုင်ငံရေးဆွေးနွေးမှု၊ ဖွဲ့စည်းတည်ဆောက်မှုနှင့် နိုင်ငံရေးဆွေးနွေးမှုမူဘောင်အပေါ်တွင် ဦးတည်ထားပြီး လက်ရှိ နိုင်ငံရေးဖြစ်စဉ်နှင့် အတားအဆီးများကို ပြန်လည်သုံးသပ်နေသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးပြုလုပ်သူများကို ထိရောက်သည့်မူဘောင်တစ်ခုရေးဆွဲရန် ညွှန်ကြားခဲ့သည်။

ညွှန်ကြားချက်အရ နိုင်ရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရ၊ တပ်မတော်နှင့်လွှတ်တော်စသည်တို့မှ နိုင်ငံရေးမူဘောင်တည်ဆောက်ပုံ၊ ရည်ညွှန်းအသုံအနှုန်းများနှင့် လုပ်ငန်းဆောင်ရွက်မှုလုပ်ထုံးလုပ်နည်းအဆင့်များကို ပြန်လည်သုံးသပ်နေကြသည်။

Link: http://www.globalnewlightofmyanmar.com/roundtable-discussion-on-reviewing-framework-for-political-dialogue-continues-role-of-secretariat-group-to-be-reviewed/

**အစိုးရမှ မြောက်ပိုင်းမဟာမိတ်အဖွဲ့များနှင့် ပထမဆုံးအကြိမ်တွေ့ဆုံ**

Myanmar Times, 6 September 2018

ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်နှင့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များသည် ဆွေးနွေးမှုများကို ပြန်လည်အစပြု ဆွေးနွေးရန်နှင့် ရှေ့ဆက်ဖြစ်ပွားနေသည့်တိုက်ပွဲများကို ရပ်တန့်နိုင်ရန်အတွက် တရုတ်ပြည်နယ်တွင် ဗုဒ္ဓဟူးနေ့၌ တွေ့ဆုံခဲ့သည်။

ကူးမင်းမြို့တွင် ကျင်းပသည့်အစည်းအဝေးသည် ကော်မရှင်နှင့် မဟာမိတ်အဖွဲ့များဖြစ်ကြသည့် တအောင်းအမျိုးသားတပ်မတော်၊ ရက္ခိုင်တပ်မတော်နှင့် မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်တို့အတွင်း ပထမဆုံးအကြိမ် ကျင်းပသည့် အ

စည်းအဝေးလည်းဖြစ်သည်။

ကျွန်တော်တို့သူတို့နဲ့ တိုက်ပွဲတွေရပ်တန့်ဖို့နဲ့ နောက်ထပ် တိုက်ပွဲတွေမဖြစ်အောင်ကာကွယ်ဖို့အတွက် ပြောခဲ့ကြပါတယ်။ နောက်လမှ ထပ်တွေ့ဖို့ သဘောတူညီခဲ့ကြပါတယ် ဟု ပြောခဲ့သည်။ ဝပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့အစည်းတို့မှလည်း လေ့လာသူအနေဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကောင်းတဲ့ခြေလှမ်းတစ်ခုပါပဲ ဟု ပြောကြားခဲ့သည်။

TNLA ၊ AA နှင့် MNDAA သည် NCA လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့သည်။ တပ်မတော်မှ ၎င်းတို့အား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မပါဝင်မီ လက်နက်စွန့်ဆန္ဒမရှိကြောင်း စွပ်စွဲခဲ့သည်။ သို့သော်လည်း နှစ်ဖက်စလုံးမှမဟာမိတ်များသည် နောက်ဆုံးကျင်းပသည့် ပင်လုံညီလာခံသို့ လေ့လာသူအဖြစ်တက်ရောက်ခဲ့ကြပြ အစိုးရနှင့် တပ်မတော်ခေါင်းဆောင်များနှင့်လည်း ညီလာခံပင်ပြတွင် သီးသန့်တွေ့ဆုံခဲ့ကြသည်။

Link: https://www.mmtimes.com/news/government-meets-northern-alliance-groups-first-time.html

## ထိတွေ့ ပစ်ခတ်မှုများဆက်လက်ဖြစ်ပွားနေဆဲဟု KNUပြောဆို

Karen Information Center, 10 September 2018

KNU- ကရင်အမျိုးသားအစည်းအရုံး၊ တပ်မဟာ (၅) နယ်မြေတွင်အစိုးရတပ်မတော်နှင့် ကရင်အမျိုး သားလွတ်မြောက်ရေးတပ်မတော်- KNLA တပ်ဖွဲ့ ဝင်တို့အကြားတွင်ပစ်ခတ်မှုများဆက်လက်ဖြစ်ပွားနေဆဲဟု KNU တပ်မဟာ(၅) ရုံးထိုင်မှူးဗိုလ်မှူးစောကလယ်ဒို့ကကေအိုင်စီသို့ ယမန်နေ့( စက် တင်ဘာ ၉ ရက်နေ့) က ပြောကြားခဲ့သည်။



"ပစ်ခတ်မှုကကြိုးကြားကြိုးကြားရှိနေတုန်းပဲ။ မနေ့ (စက်တင်ဘာ ၈ ရက်နေ့) ညနေ ရနာရီ ၂၄ မိနစ်လောက်မှာ ဘူးသို မြို့နယ် တလာအောကလားဘက်မှာပစ်ခတ်မှုဖြစ်သေးတယ်။ KNLA တပ်ရင်း (၁၀၂) ရဲ့တပ်ခွဲ (၄) တပ်ဖွဲ့ဝင်တွေနဲ့ တပ်မ (၄၄) လက်အောက်ခံ (ခမရ- ၂၀၇) တပ်ရင်းတို့ ပစ်ခတ်မှုအနည်းငယ်ဖြစ်ပွားခဲ့တယ်" ဟုဗိုလ်မှူးစောကလယ်ဒို့ကပြောသည်။

အဆိုပါ ပစ်ခတ်မှုဖြစ်ပွားရခြင်းမှာ KNLA တပ်ရင်း (၁၀၂) လက်အောက်ခံတပ်ခွဲ (၄) ၏ လှုပ်ရှားနယ်မြေအတွင်းသို့ အစိုးရတပ်မတော်ဘက်မှ နယ်မြေကျော်လွန် ဝင်ရောက်လာခြင်းကြောင့် ထိတွေ့ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းလည်း ဗိုလ်မှူးစောကလယ်ဒို့ကဆက်ပြောသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၂၈ရက်နေ့မှစတင်ကာ KNU တပ်မဟာ (၅) လက်အောက်ခံတပ်ဖွဲ့ဝင်များနှင့် အစိုးရတပ်မတော်တို့အကြားတကျော့ပြန်ပစ်ခတ်မှုပြန်လည်ဖြစ်ပွားခဲ့ရာမှ ယမန်နေ့အချိန်အထိ နှစ်ဖက်တင်းမာမှုနှင့် ပစ်ခတ်မှုများဆက်လက် ဖြစ်ပွားနေခြင်းဖြစ်သည်။

ဩဂုတ်လ ၂၈ရက်နေ့က ဖာပွန်မြို့နယ်၊ အိမ်ကုန်းရွာနှင့် နိထာ့ကြားတွင် အစိုးရတပ်မတော်တပ်မ( ၄၄) လက်အောက်ခံခြေလျင်တပ်ရင်း( ခလရ- ၂) နှင့် KNU တပ်မဟာ( ၅) တပ်ဖွဲ့ဝင်တို့အကြား ထိတွေ့ပစ်ခတ်မှုဖြစ်ပွားခဲ့သည့်ကိစ္စကိုKNU တပ်မဟာ ၅ဘက်မှ ဩဂုတ်လ ၂၉ရက်နေ့စွဲဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်- ရတခတိုင်းမှူးထံကန့်ကွက်စာတစ်စောင်ပေး ပို့ခဲ့ကြောင်းလည်းသိရသည်။

ထို့အတူ ဩဂုတ် ၂၉ ရက်တွင်လည်းကမမောင်းမြို့နယ်တွင် လှုပ်ရှားနေသည့် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA- ခွဲထွက်အဖွဲ့) နှင့် KNLA တပ်မဟာ (၅) တပ်ဖွဲ့ဝင်တို့အကြားပစ်ခတ်မှု အနည်းငယ် ဖြစ်ပွားခဲ့ပြီး KNLAဘက်မှ တပ်သားတစ်ဦးမှာမိမိမိုင်းပြန်နင်းမိရာမှ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုသိရသည်။

ဩဂုတ်လမှစ၍ DKBAအပါအဝင် အစိုးရနှင့် KNU တပ်မဟာ (၅) အကြားတကျော့ပြန် ပစ်ခတ်မှု (၅) ကြိမ်ထက်မနည်းဖြစ်ပွားခဲ့ပြီးKNU တပ်မဟာ( ၂) ဒေသဘက်တွင်လည်း နှစ်ဖက် တင်းမာမှုဖြစ်ပေါ်နိုင်သည့် အခြေအနေမျိုးရှိနေသည်ဟုလည်း KNUတပ်မဟာ (၅) ဘက်ကဆိုသည်။

ထိုသို့ပစ်ခတ်မှုများ ပြန်လည် ဖြစ်ပွားခြင်းကြောင့်ဒေသခံရွာသား ၂၀၀ ကျော်မှာ မြိုင်ကြီးငူဒေသဘက်သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြရသည်ဟုသိရသည်။

Link: https://www.bnionline.net/en/news/skirmishes-still-break-out-between-tatmadaw-knla-knu-says

**EAO ညီလာခံပြီးဆုံး**

Mizzima, 12 September 2018

မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံးပစ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့( ၁၀) ဖွဲ့မှ ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ကျင်းပပြုလုပ်သည့် ညီလာခံသည် အင်္ဂါနေ့တွင် ပြီးဆုံးခဲ့ပြီး နိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန်အတွက် ကောင်းမွန်သောရလဒ်များ ပေါ်ထွက်လာရန် အစိုး၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များမှ ခေါင်းဆောင်များသည် ဆွေးနွေးမှုပြု မကြာမကြာ ပြုလုပ်ပေးရန် သဘောတူညီခဲ့ကြသည်။




ညီလာခံ တက်ရောက်ခဲ့သည့် အဖွဲ့( ၁၀) ဖွဲ့မှ အချက် ( ၁၄) ချက်ကို ချင်းမိုင်တွင်ပြုလုပ်သည့် ညီလာခံနောက်ဆုံးနေ့ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားပြီး နောက်ထပ်ဆွေးနွေးမှုများ ကျင်းပရန်အတွက် တပ်မတော်၊ အစိုးရနှင့်အတူ ဆက်လက်တွေ့ဆုံသွားမည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွက်လာရန် တွန်းအားပေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းရင်းသားလူနည်းစုများမှ တန်းတူညီတူအခွင့်အရေးရရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

Link: http://www.mizzima.com/news-domestic/eao-summit-ends

**ပစ်ခတ်မှုများရှောင်ရှားနိုင်ရေး နယ်မြေတည်ဆောက်ခြင်းမလုပ်ကြရန် ဗိုလ်ချုပ်ရာပြည့်ပြော**

Mizzima, 14 September 2018

တစ်နိုင်ငံလုံးအပစ်ရပ်စာချုပ် (NCA) ရေးထိုးထား သည့်တိုင်းရင်းသားလက်နက်ကိုင်များ အချင်း ချင်းနှင့် တပ်မတော်တို့အကြား ပစ်ခတ်မှုများမဖြစ် စေရန်အတွက် နယ်မြေတည်ဆောက်ခြင်း၊ အင်အား တည်ဆောက်ခြင်းများမပြုလုပ်ကြရန် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားလိုက် သည်။



ရန်ကုန်မြို့၊ရွှေလီလမ်းရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)တွင် ၁၈ ကြိမ်မြောက်ပြုလုပ်နေသည့် ပြည်ထောင် စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ပုံမှန်အစည်းအဝေးအဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်ခြင်း ဖြစ်သည်။

“လက်ရှိအနေအထားမှာဖြစ်ပေါ်နေတဲ့ပဋိပက္ခတွေကိုကြည့်လို့ရှိရင် အင်အားတည်ဆောက်တာတွေ၊ နယ်မြေတည်ဆောက်တာတွေ ဒီပေါ်မှာအခြေခံပြီး ဖြစ်ပွားနေတာတွေ့ရပါတယ်။ အခုလိုတစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု တည်ဆောက်နေတဲ့ကာလမှာ ပစ်ခတ်ရင်ဆိုင်မှုများကိုရှောင်ရှားဖို့အတွက် နယ်မြေတည်ဆောက်တာတွေ၊ အင်အားတည်ဆောက်တာတွေ ဆောင်ရွက်ခြင်းမပြုဖို့အတွက် ကျွန်တော့်အနေနဲ့ သတိပေးပန်ကြားလိုပါတယ်” ဟု ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောသည်။

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဦးတည်ဖော်ဆောင်နေပြီး အင်တားတည်ဆောက်ခြင်းနှင့် နယ်မြေတည်ဆောက်နေခြင်းများသည် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ကြီးမားသောအဟန့် အတားဖြစ်စေကြောင်းလည်း ၄င်းကဆိုသည်။

ထို့အပြင် JMC -U ဒုဥက္ကဋ္ဌ (၁) ဗိုလ်ချုပ် စောအိုင်းဇက်ဖိုးက မြေပြင်မှာလက်နက်ကိုင်ထိတွေ့မှုဖြစ်တိုင်း ဒေသခံပြည်သူများကသာ ခံစားရ၍ တိုက်ပွဲများမဖြစ်စေရန် နှစ်ဖက်လက်နက်ကိုင်များက ထိမ်းသိမ်းရမည်ဟု ဆိုသည်။

"ပဋိပက္ခတွေဖြစ်တိုင်း တစ်ဦးအပေါ်တစ်ဦး ရှုတ်ချပြစ်တင်ခြင်းဟာလည်း ပြဿနာရဲ့အဖြေမဟုတ်သလို ပြဿနာကိုပိုမိုကြီးထွားစေပြီး ရန်လိုစိတ်၊ မုန်းတီးစိတ်တွေကိုပဲ တိုးပွားစေမှာဖြစ်ပါတယ်။ ဒါကြောင့် ပြဿနာအရင်းအမြစ်တွေကို စေတနာမှန်မှန်ဖြင့် ပွင့်ပွင့်လင်းလင်း ဝေဖန်သုံးသပ် ထောက်ပြနိုင်တဲ့ အလွတ်သဘောဆွေးနွေးမှုများကိုလည်း မကြာခဏ ပြုလုပ်နိုင်ဖို့လိုအပ်မယ်လို့ ထင်ပါတယ်" ဟု ၎င်းက ဆိုသည်။

ယခုပြုလုပ်နေသည့် JMC-U ပုံမှန်အစည်းအဝေးတွင် ကြားကာလအတွင်း အကောင်အထည်ဖော်ခဲ့မှုများ၊ ဒေသခံအရပ်သားစောင့်ကြည့်သူများကိစ္စ၊ JMC လုပ်ငန်းလမ်းညွှန်မှုကြမ်းနှင့် ဘဏ္ဍာရေးကိစ္စများကို ဆွေးနွေးကြမည် ဖြစ်သည်။

Link: https://www.bnionline.net/en/news/area-settlement-and-amassing-military-power-can-be-circumvented-jmc-u-chairman

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.

UNHCR
The UN Refugee Agency